# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 29, 2020 Volume 31, Number 19

## ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် မြန်မာနိုင်ငံအတွင်း လှည့်လည်သုံးစွဲနေသော ငွေစက္ကူ ကျပ်ဘီလျံ ၁၅၄၉၀ ကျော်ရှိပြီး ၂၀၁၉ ခုနှစ် ဇွန်နှင့်နှိုင်းယှဉ်ပါက သုံးလအတွင်း ကျပ် ၁၃၃၄ ဘီလျံဝန်းကျင်မြင့်တက်



၂၀၁၉ ခုနှစ် စက်တင်ဘာတွင် မြန်မာနိုင်ငံအတွင်း လှည့်လည်သုံးစွဲနေသော ငွေစက္ကူ (Currency in Circulation) ကျပ် ၁၅၄၉၀ ဘီလျံကျော်ရှိပြီး ၂၀၁၉ ခုနှစ် ဇွန်နှင့်နှိုင်းယှဉ်ပါက ယခင်သုံးလထက် ကျပ် ၁၃၃၄ ဘီလျံဝန်းကျင်မြင့်တက် ခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကထုတ်ပြန်သည့် Quarterly Financial Statistics Bulletin (2019 Volume III) အရသိရသည်။ ၂၀၁၇ ခုနှစ် မတ်မှ ၂၀၁၉ ခုနှစ် ဇွန်အထိ မြန်မာနိုင်ငံအတွင်း လှည့်လည်သုံးစွဲနေသော ငွေစက္ကူတန်ဖိုးမှာ ၂၀၁၇ ခုနှစ် မတ်တွင် ကျပ် ၁၃၀၆၃ ဘီလျံ၊ ၂၀၁၇ ခုနှစ် ဇွန်တွင် ကျပ် ၁၂၁၆၄ ဘီလျံ၊ ၂၀၁၇ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၂၂၂၇ ဘီလျံ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာတွင် ကျပ် ၁၂၆၆၉ ဘီလျံ၊ ၂၀၁၈ ခုနှစ် မတ်တွင် ကျပ် ၁၄၁၈၄ ဘီလျံ၊ ၂၀၁၈ ခုနှစ် ဇွန်တွင် ကျပ် ၁၃၀၄၁ ဘီလျံ၊ ၂၀၁၈ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၆၅၂ ဘီလျံ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ကျပ် ၁၃၈၈၄ ဘီလျံ၊ ၂၀၁၉ ခုနှစ် မတ်တွင် ၁၄၅၅၀ ဘီလျံ၊ ၂၀၁၉ ခုနှစ် ဇွန်တွင် ၁၄၁၅၆ ဘီလျံ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ တွင် ကျပ် ၁၅၄၉၀ ဘီလျံရှိပြီး သုံးလအတွင်း ကျပ် ၁၃၃၄ ဘီလျံ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်သော သုံးလပတ်ကာလအလိုက် လက်ကျန်ငွေရှင်းတမ်းအရ ၂၀၁၉ ခုနှစ် စက်တင်ဘာလ၌ နိုင်ငံတော်ဗဟိုဘဏ်တွင်ရှိသော Assets (ရပိုင်ခွင့်များ) မှာ Cash and Cash Equivalents ကျပ် ၂၂၁၁ ဒသမ ၉၀၃ ဘီလျံ၊

**၂၉.၅.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၂ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၆၅၀၀ |
| ဒေါ်လာဈေး | = ၁၄၀၆/- ကျပ် |
| CBM Rate | = ၁၄၀၁.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၅၇.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၂.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၂.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၆.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၃၁.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၁၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၄၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၂၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ရွှေ ကျပ် ၅၃၁ ဒသမ ၆၂၅ ဘီလျံ၊ Placement with Foreign Banks ကျပ် ၅၃၀၈ ဒသမ ၃၄၁ ဘီလျံ၊ Foreign Securities ကျပ် ၅၈၂ ဒသမ ၈၈၅ ဘီလျံ၊ Deposit with Local Banks ကျပ် ၇၈၆ ဒသမ ၀၃၅ ဘီလျံ၊ IMF Related Assets ကျပ် ၁ ဒသမ ၆၄၁ ဘီလျံ၊ Other Assets (Foreign) ကျပ် ၁၆ ဒသမ ၃၉၅ ဘီလျံ၊ Domestic Securities ကျပ် ၁၅၁၃၀ ဒသမ ၉၇၈ ဘီလျံ၊ Loans to Bank ကျပ် ၅၀ ဒသမ ၂၃၀ ဘီလျံ၊ Property, Plant and Equipment ကျပ် ၂၄ ဒသမ ၃၁၃ ဘီလျံ၊ Other Assets (Domestic) ကျပ် ၁၇၅ ဒသမ ၇၃၅ ဘီလျံ၊ စုစုပေါင်း ကျပ် ၂၄၈၂၀ ဒသမ ၀၈၄ ဘီလျံဖြစ်သည်။

နိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်သော သုံးလပတ် ကာလအလိုက် လက်ကျန်ငွေ ရှင်းတမ်းအရ ၂၀၁၉ ခုနှစ် စက်တင်ဘာလ၌ နိုင်ငံတော် ဗဟိုဘဏ်တွင်ရှိသော Liabilites (ပေးရန်တာဝန်များ) မှာ Bank Deposits (Foreign) ကျပ် ၆၂ ဒသမ ၁၄၈ ဘီလျံ၊ Foreign Institutions Deposits ကျပ် ၃၆၉ သန်း၊ Borrowing From Foreign Institutions ကျပ် ၁၂ ဒသမ ၂၇၉ ဘီလျံ၊ IMF Related Liabilites ကျပ် ၅၁၆ ဒသမ ၉၀၇ ဘီလျံ၊ Other Liabilities (Foreign) ကျပ် ၉ ဒသမ ၁၇၆ ဘီလျံ၊ Government Deposits ကျပ် ၄၂၉ သန်း၊ Bank Deposits (Domestic) ကျပ် ၃၁၈၉ ဒသမ ၃၃၂ ဘီလျံ၊ Other Deposits ကျပ် ၁၁၇ ဒသမ ၁၆၈ ဘီလျံ၊ Other Liabilities (Domestic) ကျပ် ၂၂၄ ဒသမ ၃၀၇ ဘီလျံ၊ မြန်မာနိုင်ငံအတွင်း လှည့်လည် သုံးစွဲနေသော ငွေစက္ကူ (Currency in Circulation) ကျပ် ၁၅၄၉၀ ဒသမ ၇၉၀ ဘီလျံ၊ Equity and Reserves ကျပ် ၄၆၃၈ ဒသမ ၁၈၁ ဘီလျံရှိပြီး စုစုပေါင်း ကျပ်၂၄၈၂၀ ဒသမ ၀၈၄ ဘီလျံဖြစ်သည်။

**Source:** https://news-eleven.com/article/175880

## COVID-19 ဖြစ်ပွားနေစဉ်နှင့် အလွန်ကာလများ၌ မြန်မာနိုင်ငံ၏စိုက်ပျိုးရေး ထွက်ကုန်များရောင်းချရာတွင် နိုင်ငံတစ်နိုင်ငံတည်းကိုသာ ရောင်းချခြင်းမရှိစေဘဲ ဈေးကွက်အသစ်များရရှိအောင် စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား



COVID-19 ဖြစ်ပွားနေစဉ်ကာလနှင့် COVID-19 အလွန်ကာလများ၌ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချရာတွင် နိုင်ငံတစ်နိုင်ငံတည်းကိုသာ ရောင်းချခြင်းမျိုးမရှိစေဘဲ ဈေးကွက်အသစ်များရရှိအောင် စီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဆန်တင်ပို့သည့်ကုမ္ပဏီများမှ အရန်ဆန်ပေးသွင်းခြင်း၊ လက်ခံခြင်းနှင့် သိုလှောင်ထားရှိခြင်းဆိုင်ရာကိစ္စရပ်များနှင့် မိမိနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချရာတွင် နိုင်ငံတစ်နိုင်ငံတည်းကိုသာ ရောင်းချခြင်းမျိုးမရှိစေဘဲ ဈေးကွက်အသစ်များရရှိရေး စီမံဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ မေ ၂၇ ရက်တွင်ပြုလုပ်ခဲ့သည်။ COVID-19 ဖြစ်ပွားနေစဉ်ကာလအတွင်းနှင့် Post COVID-19 ကာလများမှာလည်း မိမိနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချရာတွင် နိုင်ငံတစ်နိုင်ငံတည်းကို ရောင်းချခြင်းမျိုးမရှိစေဘဲ ဈေးကွက်အသစ်များရရှိရေး စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်ကပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ဆန်နှင့် အခြားစိုက်ပျိုးရေးထွက်ကုန်များကို မြန်မာ-တရုတ်နယ်စပ် မူဆယ်ကုန်သွယ်ရေး စခန်းမှ တင်ပို့နေခြင်းဖြစ်ပြီး COVID-19 ရောဂါပျံ့နှံ့မှုကြောင့် အဆိုပါနယ်စပ်ကုန်သွယ်စခန်းမှ အဓိကတင်ပို့ရသည့် စိုက်ပျိုးရေးထွက်ကုန်များ ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ COVID-19 ကူးစက်ပျံ့နှံ့မှုကြောင့် မူဆယ်နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်း ပြတ်တောက်ခဲ့ကာ အဆိုပါ COVID-19 စတင်ဖြစ်ပွားခဲ့သည်မှ ရက်ပေါင်း ၂၀ ကျော် ကာလအတွင်း တရုတ်

နိုင်ငံသို့ ဖရဲ၊ သခွားတင်ပို့မှုမှ ဒေါ်လာသန်း ၅၀ ခန့် ဆုံးရှုံးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က တည်းကုန်းဈေးရှိ မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက ကျင်းပသည့်သတင်းစာရှင်းလင်းပွဲမှသိရသည်။ “ဝူဟန် ဗိုင်းရပ်စ်ကြောင့် ၂၇ ရက်ကနေ ဒီနေ့အထိ ရက်ပေါင်း ၂၀ လောက်မှာ ဖရဲ၊ သခွားတွေဟာ အရင်တုန်းက ဝူဟန်ဗိုင်းရပ်စ် မပေါ်ခင်တုန်းက တစ်နေ့ကို ကားအစီးရေ ၇၀၀ လောက် တင်ပို့နေတဲ့အခြေအနေကနေ ဝူဟန်ဗိုင်းရပ်စ်ပေါ်ပြီးတဲ့နောက်မှာ တစ်နေ့ကားအစီးရေ ၃၀၊ ၄၀ ပို့လိုက်၊ ၄၀၊ ၅၀ ပို့လိုက်နဲ့ပေါ့လေ။ အခုမှအစီးရေ ၁၀၀ ကျော်ပြန်ပို့တာပေါ့။ ပို့တဲ့အခါ မှာလည်း ဈေးကွက်က ဖရဲက 855 ဆိုရင် အဝယ်မရှိသလောက်ဖြစ်သွားတယ်။ နောက်ပြီး အစေ့မဲ့ဆိုရင်လည်း အဝယ် မရှိသလောက် ဖြစ်သွားတယ်။ ထိုင်ဝမ်အချိုသီးကတော့ ဟိုတစ်လောက ကားခတောင်မရဘူးပေါ့လေ။ အခုကတော့ ကားခလေး ရတယ်။ နည်းနည်းအကျိုးအမြတ်လေးရတယ်ပေါ့လေ။ ဖရဲအခြေအနေကတော့ မကောင်းသေးလို့ပြောရမှာပေါ့” ဟု မြန်မာနိုင်ငံဖရဲ၊ သခွားမွေးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပြောကြားသည်။

အဆိုပါကာလအတွင်း မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ တစ်နေ့လျှင် ပုံမှန်အားဖြင့် ဖရဲကားအစီးရေ ၇၀၀ ခန့်တင်ပို့နိုင်ကြောင်း၊ လက်ရှိတွင် အမှန်တကယ်တင်ပို့နေရမှုမှာ ကားအစီးရေ ၃၀၊ ၄၀ ခန့်သာ တင်ပို့နေရသဖြင့် ဆုံးရှုံးနစ်နာမှုများစွာ ကြုံတွေ့နေရကြောင်းသိရသည်။

**Source:** https://news-eleven.com/article/175910

## ကိုဗစ်-၁၉ ဂယက်ရှိသော်လည်း မကွေးတိုင်းထွက်ငရုတ်သီးများ ထွက်သမျှရောင်းနိုင်သည့်အပြင် ယခင်နှစ်ထက်ဈေးပိုရ




ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲ ရှိသော်လည်း မကွေးတိုင်းဒေသကြီး အတွင်းစိုက်ပျိုးသည့် ငရုတ်သီးများမှာ ထွက်ရှိသမျှ ရောင်းချနိုင်သည့်အပြင် ယခင်နှစ်ကထက် ဈေးကောင်းပိုရကြောင်း ငရုတ်စိုက်တောင်သူများကပြောသည်။ ငရုတ်သီးမှုန့်နှင့် အရောင်တင်ပြုလုပ်သည့် ကုမ္ပဏီများသို့ ချိတ်ဆက်ရောင်းချရသဖြင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်ရှိ ဆော၊ ကျောက်ထု၊ထီးလင်းနှင့် ဂန့်ဂေါ မြို့နယ်များမှ ငရုတ်သီးမှည့်အစိုများကို နှစ်လအတွင်း ပိဿာ ၂၀၀၀ ခန့်အထိ ရောင်းချနိုင်ကြောင်း မကွေးတိုင်းဒေသကြီး တောင်သူလယ်သမားသမဂ္ဂ၊ ဂန့်ဂေါမြို့နယ်ဥက္ကဋ္ဌ ဦးစန်းဋ္ဌေးမောင်ကပြောသည်။

အဆိုပါမြို့နယ်များတွင် ငရုတ်စိုက်ဧက ၁၂၀ ခန့်ရှိပြီး ဧပြီလမှ မေလအတွင်း ကိုယ်ပိုင်ကားဖြင့် မန္တလေးတိုင်းဒေသကြီးသို့ ပို့ပြီး တစ်ခေါက်လျှင်ပိဿာချိန် ၂၀၀ မှ ၄၀၀ အထိ ရောင်းချနိုင်ကြောင်း ၎င်းကပြောသည်။"အရင်နှစ်တွေကတော့ တစ်ပိဿာကို ၈၀၀ ကျပ်နဲ့သွင်းရတယ်။ အခုနှစ်ကတော့ အမှည့်စို တစ်ပိဿာကို ၁၂၀၀ ကျပ်နဲ့ ဝယ်ဖို့စာချုပ်ချုပ်ထားတော့ အကန့်အသတ်မရှိ ထွက်သလောက်ရောင်းချလို့ရတယ်ဗျ။ မန္တလေးက သရီးစတားကုမ္ပဏီကို ရောင်းရတယ်။ နောက်ပြီးတော့ စစ်ကိုင်းတိုင်း၊ ထုံးဖိုမှာကုမ္ပဏီခွဲရှိတယ်။ အဲ့ဒီကို သွားရောင်းရတယ်။ စိုက်ဖို့မျိုးကိုတော့ သူတို့ကုမ္ပဏီကပဲဝယ် ရတယ်။ သူတို့ကုမ္ပဏီကိုပဲရောင်းရတယ်။ ထွက်သလောက်ဝယ်ပေးတယ်ဗျ" ဟု ဦးစန်းဋ္ဌေးမောင်ကပြောသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တောင်သူလယ်သမားသမဂ္ဂက Snacks Mandalay ကုမ္ပဏီနှင့်ချိတ်ဆက်ပြီး ငရုတ်သီးမှည့်အစိုများကို တစ်ပိဿာ ၁၁၀၀ ကျပ်ဖြင့် ကုမ္ပဏီအရောက် သယ်ပို့ရောင်းချရေကြောင်း အဆိုပါသမဂ္ဂ အတွင်းရေးမှူး ဦးတင်မောင်ဝင်းကပြောသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/9380557

# မြန်မာ့စီးပွားရေးကုစားရန် တိုင်းပြည်ဂျီဒီပီ၏ ငါးရာခိုင်နှုန်းထိငွေကြေးသုံးစွဲမည်



Covid-19 ကြောင့် ကျဆင်းသွားသော မြန်မာ့စီးပွားရေးကို ပြန်လည်ကုစားရေး အစီအစဉ်များအတွက် အစိုးရက တိုင်းပြည် ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းအထိ ငွေကြေးသုံးစွဲရန်မျှော်မှန်းထားပြီး ပြည်တွင်း၊ ပြည်ပမှချေးငွေများ ရယူရန်ပြင်ဆင်မှုသည် အမေရိကန် ဒေါ်လာ ၂ ဘီလျံကျော် (ကန်ဒေါ် လာ ၂၃၀၀ သန်းခန့်) ရှိလာပြီ ဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်ကုန် (GDP) သည် အမေရိကန်ဒေါ်လာ ၇၀ ဘီလျံကျော်အထိ ရှိနေသည့်အတွက်ကြောင့် အစိုးရအနေဖြင့် ယင်းပမာဏ၏ ၅ ရာခိုင်နှုန်းဖြစ်သော အမေရိကန်ဒေါ်လာ ၃ ဘီလျံဝန်းကျင် အသုံးပြု လာနိုင်သည်။ ပြီးခဲ့သော တစ်ပတ်တွင်း ပြည်တွင်း၊ပြည်ပမှ ချေးငွေများရယူရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားမှုအရ တွက်ချက်ထားခြင်းဖြစ်သည်။

အဆိုပါချေးငွေရယူမှုများသည် လက်ရှိဖြစ်ပွားနေသော Covid-19 ကမ္ဘာ့ကပ်ရောဂါကြောင့်ထိခိုက်ခံခဲ့ရသည့် လူမှုစီးပွားရေးဆိုင်ရာထိခိုက်မှုများကိုကုစားနိုင်ရန် Covid-19 Economic Relief Plan (CERP) နှင့် ၂၀၁၉-၂၀၂၀ ခုနှစ် ဘတ်ဂျက် လိုငွေကိုဖြည့်ဆည်းရန်အတွက် အဓိကပါဝင်သည်။ COVId-19 ကာကွယ် ကုသရေးဆိုင်ရာကိစ္စ၊ လူမှုစီးပွားရေး ဆိုင်ရာ ထိခိုက်မှုများအတွက် နိုင်ငံတော်က ပံ့ပိုးရသည့် ကိစ္စ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်မှုနှင့် စီးပွားရေးကျဆင်းနိုင်မှုတို့ကို ပြန်လည်ထူထောင်နိုင်ရန်အတွက် ကုစားရေးအစီအစဉ်တို့အတွက် နိုင်ငံတော် ၏ ဘဏ္ဍာရန်ပုံငွေများသာမက သက်သာမှုရှိသော ပြည်ပချေးငွေများဖြင့်လည်း ဖြည့်ဆည်းမည်ဟု စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်၌ပြောသည်။

ပြည်တွင်း၊ပြည်ပမှ ချေးငွေများရယူရန်စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေး၍ အတည်ပြုချက်ရယူရန် တင်ပြလာသည့်ထဲတွင် နိုင်ငံတော်၏ လိုငွေ အား ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF) ထံမှ အမေရိကန်ဒေါ်လာသန်း ၇၀၀ နှင့် ဗဟိုဘဏ်မှ ကျပ် ၁၃၁၁ ဘီလျံကျော်ချေးယူရန်ဖြစ်သည်။ Covid-19 ကပ်ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် စီးပွားရေးမူဝါဒ၊ ပြုပြင်ပြောင်းလဲမှုတိုးတက်ရေး အတွက် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ဂျပန်ယန်း ၃၀ ဘီလျံကို ကနဦး အရေးပေါ် အိုဒီအေ ချေးငွေအဖြစ်ရယူရန်၊ မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအာမခံကော်ပိုရေးရှင်းတည်ထောင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) မှကန်ဒေါ်လာ သန်း ၆၀ ချေးယူရန်လည်း ပါဝင်သည်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော မြန်မာ"ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေးစီမံကိန်းတိုးချဲ့ရန် ကိုရီးယားနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) မှ ကန်ဒေါ်လာသန်း ၂၀ ချေးယူရေးဖြစ်သည်။ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် အီလက်ထရောနစ် စနစ်ဖြင့် လူဦးရေ မှတ်ပုံတင်ခြင်းစီမံကိန်းအတွက် ဩစတြီးယားနိုင်ငံ Unicredit Bank မှ အတိုးမဲ့ ချေးငွေ ယူရို ၃၃ သန်း ချေးယူရန်အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနကတင်ပြထားသည်။ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုအရေးပေါ်စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့(IDA)ထံမှ ကန်ဒေါ်လာ သန်း ၅၀ ချေးယူရန်၊ မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး စနစ် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် IDA ထံမှ ကန်ဒေါ်လာသန်း ၂၀၀ ချေးယူရန်ဖြစ်သည်။ ထိုသို့ အသီးသီးသုံးစွဲရန်အတွက် ပြည်တွင်း၊ ပြည်ပချေးငွေရယူမှုသည် စုစုပေါင်း အမေရိကန်ဒေါ် လာ ၁၀၃၀ သန်း၊ ယူရို ၃၃ သန်း(ကန်ဒေါ်လာ ၃၆ သန်းကျော်)၊ ဂျပန် ယန်းငွေ ၃၀ ဘီလျံ(ကန် ဒေါ်လာသန်း ၂၇၈ သန်းကျော်)နှင့် ဗဟိုဘဏ်မှချေးယူမည့် မြန်မာကျပ်ငွေ ဘီလျံ ၁၃၁၁ ကျော် (ကန်ဒေါ်လာ သန်း ၉၄၇ ကျော်) ရှိပြီး စုစုပေါင်းချေးငွေပမာဏ အမေရိကန်ဒေါ်လာသန်း ၁၃၇၀ ကျော်ရှိသည်ကိုတွေ့ရသည်။

အဆိုပါချေးငွေများသည် လက်ရှိတွင် ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုချက်ရယူရန် ဆွေးနွေးနေဆဲဖြစ်သည်။ နိုင်ငံတော်၏ ပြည်ပကြွေးမြီ လက်ကျန်အခြေအနေသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၄၅ ဘီလျံရှိပြီး ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုး ၁၃ ဒသမ ၁၃ ရာခိုင်နှုန်းခန့်ဖြစ်ရာ ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်း ရှိသည်ဟု ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆိုသည်။

ပြည်ထောင်စုအစိုးအဖွဲ့က ပြည်တွင်း၊ပြည်ပချေးငွေယူရေးကိစ္စများ ဆောင်ရွက်ရာတွင် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေသည်ဟု ၎င်းကဆိုသည်။ အစိုးရသည် ပြည်ပချေးငွေများရယူ၍ COVID-19 ကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများ ပြန်လည်ကုစားရန်အတွက် လုပ်ဆောင်ရာတွင် ရေရှည်အစီအစဉ်များကို ဦးစားပေး လုပ်ဆောင်သင့်ပြီး ပြည်ပမှပြန်လာသူများအတွက် အလုပ်အကိုင်ရရှိရေးကိုလည်း ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည်ဟု ပြည်ထောင်စုလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပြဆွေးနွေး ပြောဆိုကြသည်။ အစိုးရက ဘတ်ဂျက် လိုငွေ ဖြည့်ဆည်းရန် ဗဟိုဘဏ်မှချေးယူရန်နှင့် ပြည်ပချေးငွေရယူခြင်းများနှင့်ပတ်သတ်၍ ငွေစက္ကူများ ရိုက်ထုတ်ဖြည့်ဆည်း ပေးခြင်းဖြင့် ငွေဖောင်းပွမှုနှုန်းများမြင့်တက်ပြီး ပြည်သူလူထုအတွက် ဝန်ထုတ်ဝန်ပိုးမဖြစ်စေရန် လိုအပ်ပြီး ပြည်ပချေးငွေများ ရယူ၍ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးရေးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများဖြစ်သင့်သည်ဟု တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးစံဝင်းခိုင်က ပြောသည်။

"အစိုးရသက်တမ်း ကာလတစ်ခုအတွက်သာမဟုတ်ဘဲ ပြောင်းလဲလာမယ့် အစိုးရအဆက်ဆက် အကျိုးဖြစ်ထွန်းစေမယ့် အစီအမံများ ဖြစ်သင့်ပါတယ်။တိုင်းပြည်စီးပွားအမှန်တကယ် ဦးမော့လာဖို့ မျှော်မှန်း ဆောင်ရွက်သင့်ပါတယ်"ဟုပြောသည်။ "COVID-19 ကြောင့် စီးပွားရေးသက်ရောက်မှုများကို ကုစားရေးအစီအစဉ်ထဲမှာ လယ်ယာကဏ္ဍ ကို ဘယ်လောက်သုံးမလဲဆိုတဲ့ အခြေအထားကို မတွေ့ရပါဘူး။ တစ်ဖက်က ပြန်ပြောရမယ်ဆိုရင် Plan တစ်ခုဆိုတာ အလုပ်လက်မဲ့ ဘယ်လောက် ဖြစ်သွားပြီလဲ။ ထုတ်လုပ်မှုရဲ့ ဘယ်လောက်ကျသွားပြီလဲ။ ရွှေ့ပြောင်းလုပ်သားတွေ ဘယ်လောက်ရှိသွားပြီဆိုတဲ့ damage data မရှိပါဘူး။ မရှိဘဲနဲ့ ဘယ်လောက်သုံးမယ်ဆိုတာကို နားလည်ရ ခက်ပါတယ်။ တကယ်ချေးပြီးတော့ မြန်မြန်ဆန်ဆန်လုပ်ရမှာက လယ်ယာကဏ္ဍဖြစ်ပါတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး (ဘောဂဗေဒ)ကပြောသည်။

**Source:** https://myanmar.mmtimes.com/news/139696.html

## ရန်ကုန်စတော့အိတ်ချိန်း၏ ခြောက်ခုမြောက်စာရင်းဝင် EFR ကုမ္ပဏီ၏ အစုရှယ်ယာများကို မေ ၂၈ ရက်တွင် စတင်ရောင်းချရာ ရှယ်ယာတစ်စု ကျပ် ၂၇၀၀ နှင့် ၂၇၅၀ အကြားဈေးနှုန်းဖြင့် အစုရှယ်ယာပေါင်း သုံးသောင်းကျော် အရောင်းအဝယ်ဖြစ်ပေါ်ခဲ့



ရန်ကုန်စတော့အိတ်ချိန်းတွင် ခြောက်ခုမြောက်စာရင်းဝင်ကုမ္ပဏီ ဖြစ်လာခဲ့သည့် EFR ကုမ္ပဏီ၏ အစုရှယ်ယာများကို မေ ၂၈ ရက်တွင် စတင် ရောင်းချရာ ရှယ်ယာတစ်စု ကျပ် ၂၇၀၀ နှင့် ကျပ် ၂၇၅၀ ဈေးနှုန်းများဖြင့် အစုပေါင်း ၃၁၁၉၆ စု အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ကြောင်း ရန်ကုန် စတော့အိတ်ချိန်း၏ အရောင်းအဝယ်ဖြစ်မှု စာရင်းများအရ မေ ၂၈ ရက်တွင် သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ ခြောက်ခုမြောက် စာရင်းဝင် ကုမ္ပဏီအဖြစ် Ever Flow River Group Public (EFR) ကုမ္ပဏီ ပါဝင်လာမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက ဖေဖော်ဝါရီ ၂၈ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။ ရန်ကုန်စတော့အိတ်ချိန်းသည် EFR က တင်ပြလာသည့် လျှောက်လွှာများကို စိစစ်ခြင်းနှင့် စာရင်းဝင် စစ်ဆေးခြင်းလုပ်ငန်း လုပ်ဆောင်ပြီးနောက် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ အခန်း ၄၁ (ဂ) နှင့် ငွေချေးသက်သေခံ လက်မှတ်များ စာရင်းဝင်ခြင်းဆိုင်ရာ လုပ်ငန်းစည်း မျဉ်းများ၊ အပိုင်း (၇) နှင့် (၈) တို့နှင့်အညီ ကုမ္ပဏီအား ၂၀၂၀ ပြည့်နှစ် မတ် ၂၀ တွင် စာရင်းဝင်ရန် ခွင့်ပြုခဲ့ခြင်း

ဖြစ်ပြီး EFR ကုမ္ပဏီ၏ အခြေခံဈေးနှုန်း (Base Price) ကို စာရင်းဝင်သည့်နေ့ (Listing Date) မတိုင်မီ ရုံးဖွင့်ရက် တစ်ရက်ဖြစ်သည့် မတ် ၁၉ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ကြေညာခဲ့သော်လည်း COVID-19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရှယ်ယာစတင်ရောင်းချမည့် နေ့ရက်ကို မေ ၂၈ သို့ ရွှေ့ပြောင်းခဲ့ရခြင်းဖြစ်သည်။ Ever Flow River Group Public (EFR) ၏ အခြေခံဈေးနှုန်း (Base Price) ကို ရှယ်ယာတစ်စု ကျပ် ၂၃၀၀ အဖြစ် သတ်မှတ်ခဲ့ကြောင်း မေ ၁၅ ရက်တွင် ကြေညာခဲ့ပြီး အမြင့်ဆုံးဈေးနှုန်းအဖြစ် ကျပ် ၂၈၀၀ သတ်မှတ်ခဲ့ကာ အနိမ့်ဆုံး ဈေးနှုန်းကိုမူ ကျပ် ၁၈၀၀ အဖြစ် ကျပ် ၁၀၀၀ ခွာ၍ သတ်မှတ်ခဲ့သည်။ ထို့ပြင် တစ်ချက်ခုန်ဈေးနှုန်း (Tick Size) မှာ ကျပ် ၅၀ ဖြစ်သည်။ ထိုသို့ သတ်မှတ်ရာမှ မေ ၂၈ ရက်၌ စတင်ရောင်းချရာတွင် ကျပ် ၂၇၀၀ နှင့် ကျပ် ၂၇၅၀ အကြား ဈေးနှုန်းဖြင့် အစုပေါင်း သုံးသောင်းကျော်ရောင်းချခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံခြားသားများ ဝယ်ယူခွင့်ပြုထားသည့် ရန်ကုန်စတော့ အိတ်ချိန်း၌လည်း EFR ကုမ္ပဏီ၏ အစုရှယ်ယာများကို နိုင်ငံခြားသားများ ဝယ်ယူနိုင်ရန် ရှယ်ယာ၏ ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြစ်သော အစုရှယ်ယာ သုံးသိန်းသတ်မှတ်ခဲ့ပြီး ဈေးကွက်၏ ဝယ်လိုအား၊ ရောင်းလိုအားအပေါ်မူတည်ကာ အတိုး၊ အလျှော့ပြုလုပ်သွားမည်ဖြစ်သည်။ "ရန်ကုန်စတော့အိတ်ချိန်းကို ပြန်ကြည့်မယ်ဆိုရင် လုပ်ငန်းပေါင်းစုံ ပါဝင်တာတွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့ ကုမ္ပဏီတစ်ခု၊ အထူးစီးပွားရေးဇုန်ဆိုင်ရာ အကောင်အထည်ဖော်ရေး ကုမ္ပဏီတစ်ခု၊ ဘဏ်လုပ်ငန်းနယ်ပယ်မှ ကုမ္ပဏီနှစ်ခု၊ ဆက်သွယ်ရေးလုပ်ငန်းနယ်ပယ်မှ ကုမ္ပဏီတစ်ခုတို့ကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အခုခြောက်ခုမြောက် စာရင်းဝင်မယ့်ကုမ္ပဏီကတော့ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်က ကုမ္ပဏီ ဖြစ်ပါတယ်။ ဒါကြောင့် ဈေးကွက်အတွင်းမှာ လုပ်ငန်းနယ်ပယ်ပေါင်းစုံက လုပ်ဆောင်မှုပုံသဏ္ဍာန်မတူညီတဲ့ကုမ္ပဏီအမျိုးအစားများ တိုးပွားလာနေတယ်ဆိုတာကို သတိပြုမိမှာဖြစ်ပါတယ်။ COVID-19 ကာလမှာ ဘက်စုံထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းနယ်ပယ်ကဏ္ဍရဲ့အရေးပါမှုကို သတိပြုမိကြပါမယ်။ ဒီလိုမျိုး ဘက်စုံထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း နယ်ပယ်ထဲက ပထမဆုံးစာရင်းဝင် ကုမ္ပဏီအဖြစ် EFR ကုမ္ပဏီ ဝင်ရောက်လာနိုင်တဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်" ဟု ရန်ကုန်စတော့အိတ်ချိန်း၏ မန်နေးဂျင်းဒါရိုက်တာ ဦးယဉ်ဖော်မျိုးကပြောကြားသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ ထုတ်ပြန်ချက်အရ EFR ကုမ္ပဏီသည် အစုရှယ်ယာပေါင်း ၁၉၉၇၇၂၂၃ စုရှိပြီး မတည်ရင်းနှီးငွေကျပ် ၁၃၆၃၈၅၉၉၀၀ ရှိသည်။ EFR ၏ ဥက္ကဋ္ဌမှာ ဦးကျော်လွင်ဦးဖြစ်ပြီး ဒုတိယဥက္ကဋ္ဌမှာ ဦးမောင်မောင်ဦးဖြစ်ကာ CEO အဖြစ် ဦးအောင်မင်းဟန်က တာဝန်ယူထားပြီး အဆိုပါကုမ္ပဏီကို ၁၉၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်းသိရသည်။ "မြန်မာနိုင်ငံသားပိုင် Logistics ကုမ္ပဏီ တစ်ခုအနေနဲ့ မြန်မာနိုင်ငံအတွင်းသာမက Regional Level၊ International Level အထိ သမိုင်းတင်ကျန်ရစ်စေဖို့ အစွမ်းကုန် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက် နိုင်ငံတော် အတွက်သော်လည်းကောင်း၊ ကျွန်တော်တို့ရဲ့ ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်းတွေကို အသုံးပြုလာမယ့် အသစ်အဟောင်း မိတ်ဆွေတို့အတွက်သော်လည်းကောင်း အကျိုးတစ်စုံတစ်ရာ ပေးစွမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကုမ္ပဏီ အစုရှယ်ယာဝင်များအတွက်လည်း ကုမ္ပဏီရဲ့ အောင်မြင်တိုးတက်မှုကြောင့် အစုရှယ်ယာတန်ဖိုးများ ပိုမိုတိုးတက်လာပြီး အကျိုးအမြတ်များ ပိုမိုခံစားရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အပြောထက် သက်သေပြသွားမှာပါ" ဟု EFR ကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးကျော်လွင်ဦးကပြောကြားသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ ခြောက်ခုမြောက်စာရင်းဝင်ကုမ္ပဏီ ဖြစ်လာခဲ့သည့် EFR ကုမ္ပဏီ၏ စုဆောင်း ရရှိလာသည့် အမြတ်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ် ၆၆၃၄ သိန်းကျော်သာ ရှိသော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျပ် ၂ ဒသမ ၂ ဘီလျံကျော်အထိ မြင့်တက်လာခဲ့ကြောင်း EFR ကုမ္ပဏီ၏ ရန်ကုန်စတော့ အိတ်ချိန်းသို့ စာရင်းဝင်အဖြစ် တင်သွင်းခြင်းဆိုင်ရာ ဖွင့်ဟကြေညာစာတမ်းတွင် ဖော်ပြထားသည်။ EFR Group အများပိုင်ကုမ္ပဏီတွင် လက်အောက်ခံကုမ္ပဏီရှစ်ခုရှိပြီး တွဲဖက်ကုမ္ပဏီများအဖြစ် Hlaing Inland Terminal & Logistics Co.,Ltd၊ UTOC Multipack Myanmar Co,.Ltd နှင့် KAMI-GUMI-EFI Logistics တို့ ပါဝင်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/175894

## လက်ရှိအခြေအနေသည် E-commerce ဖွံ့ဖြိုးရေးဆောင်ရွက်ရန် အကောင်းဆုံးအချိန်ဟု စီးကူးဒုဝန်ကြီးပြော

E-commerce လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လက်ရှိအခြေအနေသည် အချိန်အခါကောင်းတစ်ခု ဖြစ်သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ "မြန်မာနိုင်ငံမှာ အင်တာနက်ကတစ်ဆင့် ကူးသန်းရောင်းဝယ်မှုလုပ်ငန်းတွေ ထွန်းကားစေဖို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ Digital Economy Association နဲ့ E-commerce Association တို့ကိုဖွဲ့စည်းရာမှာလည်း အားပေးဆောင်ရွက်ခဲ့ပြီး ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေး ဝန်ကြီးဌာနက Cyber Security များပြဌာန်းရန်ကြိုးပမ်းနေချိန်မှာ E-commerce လုပ်ငန်းတွေ အထောက်အကူပြုမယ့် E-commerce Guide Line တစ်ခု ပေါ်ပေါက်လာရေးကိုလည်း ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဒုဝန်ကြီးကဆိုသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ မေလ ၂၈ ရက်က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် အွန်လိုင်းမှပြုလုပ်ကျင်းပသည့် E-commerce အစည်းအဝေးပွဲ အဖွင့်မိန့်ခွန်းတွင် ထည့် သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်ကာလအတွင်းစီးပွားရေးဖော်ဆောင်ရန် နိုင်ငံတော်အစိုးရမှ ချမှတ်ထားသည့် Economic Release Plan အရ ကုန်သွယ်မှုချောမွေ့လွယ်ကူစေရေး အတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ဈေးနှုန်းတည်ငြိမ်ရေးနှင့် အရေးပေါ်ရိက္ခာ ထောက်ပံ့ရေး၊ အင်တာနက်မှ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများကို တိုးတက်စေရေး စသည့်လုပ်ငန်း တာဝန်သုံးရပ် ကို ဦးစားပေးဆောင်ရွက်နေသည်ဟု ဦးအောင်ထူးကဆိုသည်။

E-commerce လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လျင်မြန်စေရေးအတွက် ယခုညီလာခံကိုကျင်းပရခြင်းဖြစ်ပြီး လက်ရှိကိုဗစ်ကာလဆောင်ရွက်မှုများသည် နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးစိတ်အားထက်သန်မှုကိုလည်း ထုတ် ဖော်ပြသနေသည်ဟု ၎င်းကဖြည့်စွက်ပြောသည်။ "ဒီလိုနိုင်ငံရေးစိတ်ဆန္ဒပြင်းပြမှုအတွက် ထုတ်ဖော်ပြသမှုအချိန်အခါသင့်တဲ့ အခွင့်အခါကို ယူပြီး ယခုညီလာခံကို ကျင်းပခြင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီညီလာခံဟာ New Normal မှာ ပထမဆုံးကျင်းပတဲ့ ဆန်းသစ်တဲ့ ညီလာခံဖြစ်သလို နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း၊ အရေးပါတဲ့ ညီလာခံဖြစ်ပါတယ်" ဟု ဦးအောင်ထူးက ဆက်လက်ပြောကြား သည်။

E-commerce ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စည်းကမ်းစနစ်ကျသော အင်တာနက်ကူးသန်းရောင်းဝယ်မှုများ ဖြစ်ပေါ်လာစေရေးသည် ဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်တစ်ခုလည်းဖြစ်သည်ဟု ၎င်းကဆိုသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ ကုန်သွယ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်းကာ အင်တာနက်မှတစ်ဆင့် ကူးသန်းရောင်းဝယ်မှု အဆင်သင့်ဖြစ်မှု စစ်တမ်းတစ်ခုကို ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ယင်းစစ်တမ်းရလဒ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်ရန်လည်း ဆောင်ရွက်နေသည်ဟု ဦးအောင်ထူးကဖြည့်စွက်ပြောကြားသည်။

**Source:** https://7day.news/detail?id=187336

## ထန်းလျှော်ခြင်း ရက်လုပ်ခြင်းဖြင့် တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရရှိ

ပခုက္ကူမြို့နယ် ထန်းတောချောက် ကျေးရွာရှိပြည်သူများအား မြို့နယ် သမဝါယမအသင်းစု၏ ပံ့ပိုးချေး ငွေဖြင့်



ကျေးလက်ကုန်ထုတ်လုပ်ငန်းအဖြစ် ထန်းလျှော်ခြင်းအမျိုးမျိုးရက်လုပ်ရာ တစ်ပိုင်တစ်နိုင် မိသားစုဝင်ငွေရရှိပြီးအဆင်ပြေလျက်ရှိကြောင်းသိရသည်။ ထိုကျေးရွာတွင် လပြည့်ဝန်း စိုက်ထွေသမဝါယမအသင်းသား ၂၀ ရှိပြီး အသင်းသားများကိုယ် တိုင် ပံ့ပိုးချေးငွေကျပ်သိန်း ၈၀ ဖြင့် ကုန်ကြမ်းထန်းလျှော်၊ ပလတ်စတစ်များ လက်ငင်းဝယ်ယူသိုလှောင်ခြင်း၊ ကုန်ချော ထန်းလျှော်နှင့် ပလတ်စတစ်ခြင်းများ ရက်လုပ်ပြီး မိမိတို့နှစ်သက်ရာဈေးကွက်ရရှိချိန်တွင် ရောင်းချကြကြောင်းသိရသည်။

ထန်းလျှော်ကုန်ကြမ်းများကိုကမ္မမြို့တွင် သွားရောက်ဝယ်ယူ ရပြီး ထန်းလျှော်အလက် ၁၀၀ ကို ကျပ် ၂၀၀ ပေးရကြောင်း၊ ထန်းလျှော်ခြင်း ကုန်ချောတစ်လုံးကို ကျပ် ၃၅၀၀ ရောင်းရကြောင်း၊ သမဝါယမအသင်းစုမှ ပံ့ပိုးချေးငွေရရှိသောကြောင့် ထန်းလျှော်ကုန်ကြမ်းများဝယ်ယူရာတွင် အဆင်ပြေလျက်ရှိ ကြောင်း၊ ကုန်ကြမ်းအလက် ၁၀၀ ကို ထန်းလျှော်ခြင်း ကုန်ချော လေးလုံးအထိရရှိပြီး လူနှစ်ဦးရက်လုပ်ရကြောင်း၊ ပလတ်စတစ်ခြင်းရက်လုပ်ရန် ကုန်ကြမ်းတစ်ပိဿာကို ကျပ် ၄၀၀ ဖြင့်

ဝယ်ယူရပြီး ပလတ်စတစ်ခြင်း အမျိုးအစား လေးမျိုးရက်လုပ်ရကြောင်း၊ ကုန်ချောပစ္စည်းများကို ပလတ်စတစ်ခြင်း အမျိုးအစားပေါ်မူတည်၍ အများဆုံး ကျပ် ၃၀၀၀ မှ အနည်းဆုံး ကျပ် ၂၀၀၀ ဖြင့် ရောင်းချရကြောင်း ထန်းတောချောက် ကျေးရွာရှိ လပြည့်ဝန်းသမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်စန်းနုဝေကပြောသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## လှိုင်လှိုင်ပေါ်နေသောပဲတီစိမ်း မုံရွာဈေးကွက်၌ အရောင်းအဝယ်သွက်



ပဲတီစိမ်းလှိုင်လှိုင်ပေါ်ချိန်ဖြစ်သဖြင့် မုံရွာမြို့ ကုန်သည်ပွဲစားစက်ပိုင်များထံသို့ နေ့စဉ် ပဲတီစိမ်းအိတ် ၃၀၀၀ ခန့်ဝင်ရောက်နေပြီး တရုတ်နှင့်အိန္ဒိယနိုင်ငံများသို့ နေ့စဉ် ပဲတီစိမ်းအိတ် ၂၀၀၀ နှင့် ၃၀၀၀ ကြား ပြန်ရောင်းချနေရကြောင်း မုံရွာ ကုန်စည်ဒိုင်အထွေထွေအတွင်းရေးမှူး ဦးဇော်မိုးထံမှသိရသည်။ "ပဲတီစိမ်းက မုံရွာ ကုန်စည်ဒိုင်ကို တစ်ရက်အိတ် ၃၀၀၀ လောက်ဝင်တယ်၊ ဈေးကပုံမှန်ပဲ၊ ဈေးက ၃၆၀၀၀ နဲ့ ၃၇၀၀၀ ကြားမှာပဲလည်နေတယ်၊ တရုတ်က နည်းနည်းဝယ်တယ်၊ အိန္ဒိယက နည်းနည်းပါးပါးဝယ်တယ်၊ မုံရွာကုန်သည်တွေကတော့ ရောင်းနိုင်ပါတယ်၊ မုံရွာမှာရှိတဲ့ ကိုယ်စားလှယ်ကနေဝယ်ပြီးတရုတ်နဲ့ အိန္ဒိယကဝယ်လက်တွေဆီပို့ပါတယ်၊ တရုတ်ပို့ရမယ်ဆို မန္တလေးက ပို့ပြီး အိန္ဒိယဆိုရင် ရန်ကုန်ကနေသွားပါတယ်၊ မုံရွာကနေဆိုရင် နေ့စဉ် အိတ် ၂၀၀၀ နဲ့ ၃၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေပါတယ်၊ မုံရွာဒေသအနေနဲ့ စံချိန် ပြည့်မီအောင်မရောင်းနိုင်ပေမယ့် ရွှေဘို၊ ပခုက္ကူ ရေဝတီတိုင်းဒေသကြီး စတာ တွေကထွက်တဲ့ ပဲတီစိမ်းတွေပါ ချိတ်ဆက်လုပ်ရင် အမှာရှိသလောက် ရောင်းပေး နိုင်ပါတယ်" ဟု ဦးဇော်မိုးက ပြောသည်။

မြေပဲဆန်အနီ၊ အဖြူ၊ ပဲတီစိမ်း၊ ရေသွင်းနှမ်းများ မုံရွာဈေးကွက်အတွင်းဝင်ရောက်နေပြီး လက်ရှိပဲတီစိမ်းဈေးသည် တစ်အိတ်လျှင် ကျပ် ၃၆၀၀၀ နှင့် ၃၇၀၀၀ ကြား၊ မြေပဲဆန်တစ်ပိဿာ ကျပ် ၃၀၀၀ နှင့် ၃၂၀၀ ကြား နေ့စဉ်အရောင်းအဝယ် ဖြစ်နေကြောင်းသိရသည်။ "ပဲစင်းငုံတို့ ကုလားပဲတို့ကတော့ အရောင်းအဝယ်ဖြစ်တော့ဖြစ်တယ်၊ လက်ရှိပေါ်တာ မဟုတ်ဘူး၊ ပေါ်တာကြာပြီဆိုတော့ အခုမှ ဈေးကြိုက်လို့ ဝင်ရောင်းတာရှိမယ်၊ လိုအပ်လို့ရောင်းတာရှိတယ်၊ အများဆုံးက ပဲတီစိမ်းက အသစ်ပေါ်နေတော့ နေ့စဉ်အိတ်ထောင်နဲ့ချီ အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု မုံရွာမြို့မှ ပဲကုန်သည် ဦးတင်ကိုကပြောသည်။ တရုတ်နိုင်ငံက ဝယ်လိုအားမြင့်တက်လာသဖြင့် ပြီးခဲ့သည့်ရက်ပိုင်းက ကျဆင်းနေသော ပဲတီစိမ်းဈေးသည် မေ ၂၀ ရက်တွင် ပြန်လည်မြင့်တက်သွားကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ပျိုးပင်မျိုးစုံကို (Mobile) စနစ်ဖြင့် လှည့်လည်ရောင်းချခြင်းအားဖြင့် စီးပွားရေးတွက်ခြေကိုက်




မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၌ ပျိုးပင်မျိုးစုံကို ကားပေါ်တင်၍ (Mobile) စနစ် လှည့်လည်ရောင်းချခြင်းဖြင့် အရောင်းတွင်ကျယ်ပြီး စီးပွားရေးအရ တွက်ခြေကိုက်ကြောင်းသိရသည်။ ပျိုးပင်မျိုးစုံ ကားဖြင့်လှည့်လည်ရောင်းချသူ ဒေါ်မာမာစိန်က " ကျမကတော့ ညောင်ဦးမှာနေတာပါ၊ ကျမမောင်လေးက ကျောက်ပန်းတောင်းမြို့ ဆည်ပေါက်ကျေးရွာမှာ ကိုယ်ပိုင်ခြံရှိတယ်လေ၊ အဲဒီခြံမှာဘဲ ပျိုးပင်မျိုးစုံ စိုက်ပျိုးမွေးမြူပြီး စီးပွားဖြစ်ရောင်းချနေတာ၊ အရင် ကတော့ ပုဂံညောင်ဦးတို့၊ ပုပ္ပားတို့ ဘုရားဖူးလာတဲ့ ခရီးသွားဧည့်သည်တွေ အများဆုံးဝယ်ယူအားပေးတယ်၊ ဒီပြင်တော့ ကျောက်ပန်းတောင်း၊ ညောင်ဦးမြို့ပေါ်နှင့် ကျေးရွာများမှ မှာယူရင်လည်း အရေအတွက်များများဆို လိုက်လံပို့ဆောင်ပေးပါတယ်၊ အခုကတော့ ဒီညောင်ဦးမြို့ ယာယီပျံကျဈေးမှာ ကားထိုးပြီး ရောင်းချတာ တစ်ရက်ကို ငွေကျပ် ၂ သိန်းဖိုးလောက် ရောင်းချရတယ်၊ ကားဆီဖိုး၊ အလုပ်သမားခ၊ စားစရိတ်တို့တော့ ကုန်တာပေါ့၊ အဆင်ပြေပါတယ်" ဟု ပြောပြ၍သိရသည်။

အဆိုပါ လှည့်လည်ရောင်းချသည့် ကားပေါ်တွင် ပျိုးပင်မျိုးစုံ (သရက်ပင်၊ မာလကာပင်၊ သပြေပင်၊ နှင်းဆီပင်(မျိုးစုံ)၊ စံပယ်ပင်၊ ဇီဇဝါပင်၊ သနပ်ခါးပန်းပင်၊ ရွက်လှပင်၊ ငွေးထောက်ပင်၊ ပေါက်ပန်းဖြူပင်၊ ပိန္နဲပင်) စသည့်ဖြင့် ပျိုးပင်မျိုးစုံ ပါဝင်ကြောင်းသိရသည်။ ယခု ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကာလအတွင်း ပုဂံညောင်ဦးမြို့ရှိ အထင်ကရဘုရားများနှင့် ကျောက်ပန်းတောင်းမြို့ရှိ ပုပ္ပားတောင်ကလပ်တို့သို့ ပြည်တွင်းပြည်ပ ဘုရားဖူးခရီးသွားဧည့်သည်များ လာရောက်မှု မရှိတော့တဲ့ အတွက် ယခင်ကလို ခြံထဲသို့လာရောက်ဝယ်ယူသူ နည်းပါးခြင်းကြောင့် အခုလိုလိုက်လံရောင်းချသဖြင့် အရောင်းရ တွင်ကျယ်ပြီး စီးပွားရေးအရ တွက်ခြေကိုက်ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## အွန်လိုင်းရောင်းဝယ်ရေးဆိုင်ရာ လမ်းညွှန်တစ်ခုပေါ်ပေါက်ရန် စီး/ကူးဝန်ကြီးဌာန ဆောင်ရွက်နေပြီဟုဆို

မြန်မာနိုင်ငံ၌ အင်တာနက်မှတစ်ဆင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ထွန်းကားစေရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် Digital Economy Association နှင့် E-commerce Association တို့ကို ဖွဲ့စည်းရာတွင် အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ထို့အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက Cyber Security ဥပဒေများ ပြဋ္ဌာန်းရန် ကြိုးပမ်းနေချိန်တွင် စီး/ကူး ဝန်ကြီးဌာနအနေဖြင့် E-commerce လုပ်ငန်းများအား အထောက် အကူ ပြုမည့် E-commerce Guide Line တစ်ခုပေါ်ပေါက်လာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ယနေ့ ပြောကြားခဲ့သည်။ "မိုဘိုင်းသုံးစွဲမှု တစ်ရာ ရာခိုင်နှုန်းကျော်လာတဲ့အချိန်မှာ မြန်မာနိုင်ငံ ဟာ E-commerce လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ဖို့ အချိန်အခါကောင်းဖြစ်နေတယ်လို့ဆိုနိုင်ပါတယ်။ ဒီအခွင့်အခါကို ယူပြီး ယခု ညီလာခံကျင်းပခြင်းဖြစ်ပါတယ်။ ဒီညီလာခံကျင်းပရခြင်းရဲ့ အရေးကြီးဆုံးနောက်တစ်ချက်ကတော့ နိုင်ငံတော်အစိုးရရဲ့ E-commerce လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံရေးစိတ်အားထက်သန်မှုကို မကြာသေးမီက ထုတ်ဖော်ပြသနေခြင်း ဖြစ်ပါတယ်။ COVID-19 ကနေ ကယ်တင်ဖို့ထုတ်ပြန်ခဲ့တဲ့ နိုင်ငံတော်အစိုးရရဲ့ စီမံကိန်းမှာ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနကို အဓိကတာဝန်ပေးတဲ့ လုပ်ငန်းသုံးခုရှိခဲ့ပါတယ်။ ဒါတွေကတော့ ကုန်သွယ်မှုချောမွေ့လွယ်ကူစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ဈေးနှုန်းတည်ငြိမ်ရေးနဲ့ အရေးပေါ်ရိက္ခာထောက်ပံ့ရေးအပြင် အရေးကြီးဆုံးအချက်ကတော့ အင်တာနက်မှကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို တိုးတက်စေရေးဖြစ်ပါတယ်" ဟုလည်း ၎င်းကပြောခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ယနေ့ပြုလုပ်ခဲ့သည့် E-commerce Virtual Conference တွင် ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားခဲ့ခြင်းဖြစ်ပြီး- မြန်မာနိုင်ငံမှာ အင်တာနက်၊ ဖေ့ဘွတ်များမှ ဈေးရောင်းခြင်း ဖြစ်ပေါ်ခဲ့တာ အချိန်ကြာခဲ့ပြီဖြစ်ပြီး အရှိတရားတစ်ခုဟူ၍ဆိုနိုင်ကြောင်း၊ သို့ရာတွင် အင်တာနက်ကတစ်ဆင့် ကူးသန်းရောင်းဝယ်မှုမှာ တရားဝင်ရပ်တည်ခြင်းမရှိဘဲ informal sector မှာသာရှိနေခဲ့ကြောင်း၊ ယခုအချိန်တွင် အင်တာနက်မှတစ်ဆင့် ကူးသန်း ရောင်းဝယ်ခြင်းသည် formal sector မှာရော informal sector မှာပါ ဖြစ်ပေါ်လာကြောင်း၊ စည်းကမ်းစနစ်ကျသော အင်တာနက်မှတစ်ဆင့် ကူးသန်းရောင်းဝယ်မှုများဖြစ်ပေါ်ရေးမှာ စီး/ကူးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာအဆင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO:_ World Trade Organization) နှင့် ကုလသမဂ္ဂ ကုန်သွယ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများအဖွဲ့အစည်းများ၏ ဆွေးနွေးမှုများမှာပါဝင်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ် ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ အင်တာနက်မှတစ်ဆင့် ကူးသန်းရောင်းဝယ်မှု အဆင်သင့်ဖြစ်မှု စစ်တမ်းတစ်ခုကို ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အဆိုပါ စစ်တမ်းရလဒ်များကို ဆက်လက်အကောင်အထည်ဖော်ရန်လည်း ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံမှာ E-commerce လုပ်ငန်းများထွန်းကားလာမှုသည် စီးပွားရေးလုပ်ငန်းအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု၊ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူ အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု၊ စားသုံးသူများအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု၊ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု၊ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများနှင့် ကမ္ဘာ့ဈေးကွက်တို့ အကြား ဆက်စပ်ဆောင်ရွက်မှု၊ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ စီးပွားရေးလုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်မှု၊ တောင်သူလယ်သမားနှင့်စားသုံးသူများ ချိတ်ဆက်ဆောင်ရွက်မှုတို့ကိုဖြစ်ပေါ်စေပြီး မြန်မာနိုင်ငံ၏ စီးပွားရေး

ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးစေနိုင်မှာဖြစ်ကြောင်းလည်း အဆိုပါ E-commerce Virtual Conference ၌ ဒုတိယဝန်ကြီး က ရှင်းလင်းပြောကြားခဲ့သည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## မြန်မာ့ကျွန်းသစ်တွေ အီးယူကုန်သည်တွေ တင်သွင်းနေဆဲ

ဥရောပသမဂ္ဂ EU ရဲ့ ဥပဒေတွေကို လက်တစ်လုံးခြားလုပ်ပြီးမြန်မာ့ကျွန်းသစ်တွေကို ဥရောပသစ်ကုန်သည်တွေက ဆက်လက်တင်သွင်းနေဆဲဖြစ်ကြောင်း Mongabay ပတ်ဝန်းကျင်ဆိုင်ရာ သတင်းဌာနက ပြောပါတယ်။ မြန်မာ့ကျွန်းသစ်တွေကို ဥရောပကိုဆက်လက် တင်သွင်းနေတုန်းပဲဆိုတာကို ခရိုအေးရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနကရရှိခဲ့တဲ့ စာရွက်စာတမ်းတွေ အပေါ် အခြေခံပြီးပတ်ဝန်းကျင် ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအေဂျင်စီ (EIA) က စုံစမ်း တွေ့ရှိခဲ့တာလို့ဆိုပါတယ်။ အဲဒီ စာရွက်စာတမ်းမှာ ခရိုအေးရှားကုမ္ပဏီ Viator Pula က တဆင့် မြန်မာ့ကျွန်းသစ်တင်ဆောင်လာတဲ့ သင်္ဘော ၁၀ စင်းရှိခဲ့ပြီး၊ ၂၀၁၇ ခုနှစ်ကနေ၂၀၁၉ ခုနှစ်အတွင်း ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၁ သန်းတန်ဖိုးရှိတဲ့ ကျွန်းသစ် ၁၄၄ တန် ခရိုအေးရှားနိုင်ငံ Rijeka ဆိပ်ကမ်းကိုရောက်ရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။ အဲဒီ Viator Pula ကုမ္ပဏီဟာ တရား မဝင် ခုတ်လှဲတဲ့ သစ်တွေကို ပိတ်ပင်ထားတဲ့ EU ရဲ့ ဥပဒေကိုရှောင်ရှားပြီး မြန်မာ့ ကျွန်းသစ်တွေ တင်သွင်းရာမှာ အဓိကအခန်းကဏ္ဍက ပါဝင်နေတယ်လို့လည်း EIA က ပြောပါတယ်။

၂၀၁၅ ခုနှစ်ကတည်းက ဥရောပ ကုမ္ပဏီတော်တော်များများ မြန်မာ့ကျွန်းသစ်တွေ တင်သွင်းမှုနဲ့လိမ်လည်မှုတွေကြောင့် တရားရင်ဆိုင်နေကြရပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလတုန်းကလည်း ဒတ်ချ်ရဲတပ်ဖွဲ့ဝင်တွေက နယ်သာလန်နိုင်ငံအတွင်း ကျွန်းသစ်ကုန်သည်တွေရဲ့ရုံးတွေကို ရှောင်တခင် ဝင်ရောက် စီးနင်းခဲ့ရာမှာ ချက်သမ္မတနိုင်ငံထဲ လှုပ်ရှားနေတဲ့ သစ်တင်သွင်းတဲ့ ကွန်ရက်တစ်ခုကို စုံစမ်းတွေ့ရှိခဲ့တယ်လို့ဆိုပါတယ်။

ကမ္ဘာ့သစ်တော စောင့်ကြည့်ရေးအဖွဲ့ Global Forest Watch ရဲ့အဆိုအရ ၂၀၀၁ ခုနှစ်က ၂၀၁၈ ခုနှစ်အတွင်း မြန်မာ နိုင်ငံမှာ သစ်တောဟက်တာ စတုရန်းမိုင် ၁၃၀၀၀ ဆုံးရှုံးပျောက်ကွယ်သွားခဲ့တယ်လို့ဆိုပါတယ်။ အဲဒီသစ်တောတွေမှာ ကမ္ဘာ့မြေပေါ်က တန်ဖိုးအရှိဆုံးသစ်တွေ ပါဝင်နေတယ်လို့လည်းဆိုပါတယ်။ ဥရောပမှာတော့ အဲဒီသစ်တွေကို ဇိမ်ခံရွက်လှေ သင်္ဘောတွေတည်ဆောက်ရာမှာ ဈေးကြီးပေးပြီး အသုံးပြုကြတာလည်းဖြစ်ပါတယ်။

**Source:** https://burmese.voanews.com/a/myanmar-teak-eu-/5440045.html?nocache=1

## ကျောက်ဆည်မြို့ရှိ ကြက်သွန်စိုက်တောင်သူများ ဒေသနှင့်ကိုက်ညီသည့်မျိုးစေ့များ စိုက်ပျိုးသဖြင့် ထွက်နှုန်းကောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ တောင်လွှဲကျေးရွာတောင်သူများသည် ဒေသနှင့်ကိုက်ညီသည့် ကြက်သွန် မျိုးများရွေးချယ်ပြီး သိပ္ပံနည်းကျနည်းစနစ်မှန်ကန်စွာဖြင့်စိုက်ပျိုးသောကြောင့် တစ်ဧကထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။ ကြက်သွန်တစ်ဧကစိုက်ပျိုးမည်ဆိုပါက မျိုးစေ့သုံးပြည်ခန့်ပျိုးထောင်ရကြောင်း၊ ပျိုးသက်တမ်း (၄၅)ရက်သားတွင် စိုက်ပျိုးရန်အသင့် မြေပြင်ထားသည့် မြေကွက်တွင်ပြောင်းရွှေ့စိုက်ပျိုးရကြောင်း၊ တစ်ဧကစိုက်ပျိုးစရိတ် အဖြစ် မြေပြုပြင်ခ ကျပ်(၁)သိန်းခွဲခန့်၊ မျိုးစေ့ဘိုးကျပ်(၇)သောင်းခွဲ၊ စိုက်ပျိုးစရိတ်ကျပ်(၁) သိန်းခန့်၊ မြေသြဇာနှင့်ပိုးသတ်ဆေး၊ အပင်အားတိုးဆေး အတွက်ကျပ် (၄)သိန်းခွဲခန့်၊ ရိတ်သိမ်းခအနေဖြင့်ကျပ်(၃)သိန်း၊ စုစုပေါင်းငွေကျပ် (၁၀)သိန်းခုနှစ်သောင်းခွဲကျော်ခန့် ကုန်ကျကြောင်း တောင်လွှဲကျေးရွာမှ ကြက်သွန်စိုက် တောင်သူကြီး ဦးကျော်အောင်၏ ပြောပြချက်အရသိရသည်။

ကြက်သွန်သီးနှံမျိုးသည် မျိုးကွဲများစွာရှိသော်လည်း ကျောက်ဆည်မြို့နယ်အတွင်းရှိ ကြက်သွန်စိုက်တောင်သူများသည် ဒေသနှင့်ကိုက်ညီသည့် သက်တမ်းတို၊ ထွက်နှုန်းကောင်းသော ရွှေဖလား(မြစ်သား) ကြက်သွန်မျိုးများကိုသာ အဓိကစိုက်ပျိုး ရကြောင်းသိရှိရပြီး အဆိုပါရွှေဖလားကြက်သွန်မျိုးသည် (၁) ဧကထွက်နှုန်း (၃)ထောင်ငါးရာခန့်ထွက်ရှိကြောင်း၊ ယခု နယ်ပေါက်ဈေး တစ်ပိဿာ(၈၀၀)ကျပ်ဖြင့် တွက်ချက်မည်ဆိုပါက ငွေကျပ်(၂၈)သိန်းရရှိသဖြင့် ကြက်သွန်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

**Source:** https://www.moi.gov.mm/iprd/?q=news%2F%E1%80%95%E1%80%BC%E1%80%8A%E1%80%BA%E

## ဖိလစ်ပိုင်၏ ယခုနှစ်ကုန် ဆန်စာရင်း ၁၀ နှစ်အတွင်း အမြင့်ဆုံး ဖြစ်လာနိုင်



ကမ္ဘာ့ဆန်တင်သွင်းမှုအများဆုံး ဖိလစ်ပိုင်သည် ပြည်တွင်းဆန်ထုတ်လုပ်မှုမြှင့်တင်ရေး ကြိုးပမ်းနေသလို ပြည်ပဆန်ကိုလည်း တိုးမြှင့်ဝယ်ယူခဲ့သဖြင့် ယခုနှစ်ကုန် နိုင်ငံ၏ ဆန်လက်ကျန်စာရင်း တန်ချိန် ၃ ဒသမ ၃ သန်းရှိလာနိုင်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောသည်။ အဆိုပါပမာဏမှာ ၁၀ နှစ်အတွင်း အများဆုံးသော ဖိလစ်ပိုင်၏ နှစ်ကုန်ဆန်စာရင်းဖြစ်ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့၏ ပြုစုသည့် ကိန်းဂဏန်းများအရသိရသည်။ "ဆန်ရှားပါးလတွေကို ကျော်ဖြတ်ပြီး ၂၀၂၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရောက်တဲ့အထိ ကျွန်တော်တို့မှာ စားနပ်ရိက္ခာအလုံအလောက်ရှိနေပါလိမ့်မယ်။ အဲဒီထဲမှာ အခြေခံစားကုန် ဆန်အပါအဝင်ဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးအတွင်းဝန် William Dar က ထုတ်ပြန်ချက်တစ်ခုတွင်ပြောသည်။ ဖိလစ်ပိုင်၏ ဆန်ရှားလများမှာ ပြည်တွင်းဆန်ထုတ်လုပ်မှုနည်းသော ဇူလိုင်မှစက်တင်ဘာလအထိဖြစ်သည်။

ခန့်မှန်းခြေ နှစ်ကုန်ဆန်စာရင်းမှာ နိုင်ငံစားသုံးမှုအတွက် ၉၄ ရက်စာ လောက်ငမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ခန့်မှန်းချက်တွင်အစိုးရက တင်သွင်းရန်ဆောင်ရွက်နေသော ဆန်တန်ချိန်သုံးသိန်းကို ထည့်တွက်ထားသည်။ အဆိုပါတင်သွင်းမှုမှာ ယခင်နှစ်ကစတင်သက်ရောက်ခဲ့သည့် ဆန်တင်သွင်းပမာဏ အကန့်အသတ်ဖယ်ရှားမှုနောက်ပိုင်း အစိုးရ၏ ပထမဆုံးဆန်တင်သွင်းမှုဖြစ်သည်။ ဆန်များ ထပ်မံတင်သွင်းခြင်းကြောင့် ဖိလစ်ပိုင်၏ ယခုနှစ်လက်ရှိကာလအထိ စုစုပေါင်းဆန်တင်သွင်းမှုမှာ တန်ချိန်သုံးသန်းအထိ စံချိန်တင်ရောက်ရှိပြီး ယခင်နှစ်တစ်နှစ်လုံး၏ဝယ်ယူမှု တန်ချိန် ၂ ဒသမ ၉ သန်းကိုပင် ကျော်ဖြတ်သွားခဲ့သည်။

**Source:** http://htwettoe.com/article-details/education/9376453

## နိုင်ငံတော်အဆင့် နှစ်ပတ်လည်ပွဲကြီး(၂)ရပ်ကျင်းပခဲ့သည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံ၊ ဘေကျင်းမြို့တော်တွင် မေလ (၂၁)ရက်နေ့က နိုင်ငံတော်အဆင့် အကြီးဆုံးနိုင်ငံရေးဆိုင်ရာ နှစ်ပတ်လည်ပွဲကြီး(၂)ရပ်ကို ကျင်းပခဲ့သောကြောင့် တစ်ကမ္ဘာလုံးမှ အာရုံစိုက်ခြင်းခံလာရပြီး၊ ကျွမ်းကျင်သူများက COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန်ဝယ် တရုတ်နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးမှုအနေအထား၏ဦးတည်ရာကိုညွှန်ပြလိုက်ခြင်းဖြစ်ကြောင်း၊ တောက်ပခြင်းမရှိသည့်ကမ္ဘာ့စီးပွားရေးအတွင်း ယုံကြည်မှုထည့်ပေးလိုက်ခြင်းဖြစ်ကြောင်း သုံးသပ်လာကြပါသည်။

တရုတ်နိုင်ငံ၏ အမြင့်ဆုံး ဥပဒေပြုကွန်ဂရက်ဖြစ်သည့် National People's Congress နှင့် Chinese People's Political Consultative Conference ၏ အမျိုးသား အဆင့်ကော်မတီတို့၏ နှစ်ပတ်လည်အစည်းအဝေးများဖွင့်ပွဲအား ယခင်က မတ်လဆန်းပိုင်းတွင်ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ကိုရိုနာကပ်ရောဂါဖြစ်ပွားမှုကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ နှစ်ပတ်လည်အစည်းအဝေးများ စတင်ကျင်းပလိုက်ခြင်းက ကိုရိုနာကပ်ရောဂါအား တိုက်ဖျက်ရာတွင် တရုတ်နိုင်ငံ၏ အဓိကမဟာဗျူဟာကျအောင်မြင်မှုများပြုလုပ်နိုင်ခဲ့မှု၊ ကပ်ရောဂါထိန်းချုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန်အားထုတ်ကြိုးပမ်း မှုများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများကို ပြသနေကြောင်း တရုတ်လူမှုသိပ္ပံ အကယ်ဒမီ၏ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးကျောင်းမှ ထိပ်တန်းသုတေသီတစ်ဦးဖြစ်သူ Xu Xiujunက China Dailyသို့ ဖြေကြားခဲ့ပါသည်။

ဤကဲ့သို့ကျင်းပခြင်းမှာ ကပ်ရောဂါအားကျော်လွှားသွားနိုင်ပြီး၊ စီးပွားရေး ပြန်လည် ဦးမော့လာမည်ဟု တရုတ်နိုင်ငံ၏ ခိုင်မာသော ဖြေရှင်းမှုနှင့်ယုံကြည်မှုတို့ကို အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းသို့ ပြသလိုက်ခြင်းလည်းဖြစ်ပါသည်။ ဤနှစ်ပတ်လည်အစည်းအဝေးနှစ်ရပ်သို့ နိုင်ငံတဝှမ်းမှ ဥပဒေပြုသူပေါင်း (၃၀၀၀) ခန့် တက်ရောက်ခဲ့ကြကာ အစိုးရလုပ်ငန်းအစီရင်ခံစာနှင့် နိုင်ငံတော်အဆင့် ဘတ်ဂျက်တို့အပါအဝင် အဓိကလုပ်ငန်းအချို့အပေါ် ဆွေးနွေးခြင်းနှင့်အတည်ပြုခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထို့ပြင် တရုတ်နိုင်ငံသည် ၎င်း၏ပြည်တွင်း၌ ကပ်ရောဂါအား ထိန်းချုပ်နိုင်ပြီဖြစ်ကာ စီးပွားရေးပြန်လည်နာလန်ထူလာရန် ထိန်းထားနိုင်ပြီဖြစ်ပါသည်။ သို့ရာတွင် ၎င်း၏အဓိကစီးပွားဖက်နိုင်ငံများဖြစ်သည့် အမေရိကနှင့်ဥရောပ

တို့တွင် ကပ်ရောဂါ၏ သက်ရောက်မှုများကြောင့် မသေချာမရေရာမှုများဖြစ်နေသေးသဖြင့်ရှုပ်ထွေးပြီး ပြောင်းလဲနေသော နိုင်ငံတကာမှ အခြေအနေများအား တန်ပြန်ဆောင်ရွက်ရန် အမျိုးသားကျန်းမာရေးလုံခြုံစိတ်ချရမှုအား မည်ကဲ့သို့တိုးတက် ဆောင်ရွက်စေသင့်သည်ဟူသည့် အပေါ်တွင်လည်း အလေးထားဆွေးနွေးခဲ့ကြကာ ယခုနှစ်၏ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးလုပ်ငန်းများ၊ ရည်မှန်းချက်များနှင့်တာဝန်များချမှတ်ခဲ့ကြပါသည်။

ကပ်ရောဂါဖြစ်ပွားမှုကြောင့် ယခုနှစ်ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံ၏စီးပွားရေးမှာ ယခင်နှစ်များကထက် (၆.၈)ရာခိုင်နှုန်းကျုံ့သွားခဲ့ပါသည်။ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှာ ဇန်နဝါရီနှင့်ဖေဖော်ဝါရီလများအတွင်း (၁၃.၅) ရာခိုင်နှုန်း နှင့် မတ်လအတွင်း (၁.၁)ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သော်လည်း ဧပြီလအတွင်း၌ (၃.၉)ရာခိုင်နှုန်း ပြန်လည် တက်လာခဲ့ကြောင်း တရုတ်အမျိုးသားစာရင်းအင်းဗျူရို၏ စာရင်းများအရသိရပါသည်။

**Source: China Daily** (၂၀-၅-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

## အိန္ဒိယနိုင်ငံ၌ ၂၀၂၀-၂၀၂၁ ခုနှစ် မတ်ပဲတင်သွင်းခွင့် ခွဲတမ်းအား သွင်းကုန်လုပ်ငန်းရှင်များသို့ ခွဲဝေချထားလျက် တင်သွင်းခွင့်ပြုသည့် ကာလအားလျှော့ချလိုက်ခြင်း

အိန္ဒိယနိုင်ငံ၌ ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် မတ်ပဲအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် တန်ချိန် ၄ သိန်းသတ်မှတ်၍ တင်သွင်းခွင့်ပြုမည်ဖြစ်ရာ ပြည်တွင်းရှိ ပဲခွဲစက်နှင့်ပဲသန့်စင်မှုလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၀ – ၃၁ နေ့အတွင်း လျှောက်လွှာတင်သွင်းနိုင်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ဌာနရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) က ၁၉.၃.၂၀၂၀ နေ့တွင် ကုန်သွယ်ရေး အသိပေးချက် ထုတ်ပြန်ခဲ့ ပါသည်။ သို့ရာတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အကျပ်အတည်းကြောင့် လျှောက်လွှာများအား ၁၅.၄.၂၀၂၀ နေ့ နောက်ဆုံးထား တင်သွင်းရန် ခွင့်ပြုခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မတ်ပဲတင်သွင်းရန် ခွဲတမ်းလျှောက်ထားမှု ၁၆၉၇ ခုကို လက်ခံရရှိခဲ့ကြောင်း၊ ပို့ကုန်သွင်းကုန် လုပ်ငန်းများ အထောက်အကူပြုကော်မတီ (Exim Facilitation Committee – EFC) သည် လျှောက်လွှာများအား စိစစ်ပြီး ၁၂.၅.၂၀၂၀ နေ့ ကျင်းပသည့်အစည်းအဝေး၌ ကုမ္ပဏီပေါင်း ၁၆၇၁ ခုအား မတ်ပဲတန်ချိန် ၄ သိန်းတင်သွင်းရန် ကိုတာ ပမာဏများ ခွဲဝေချထားရန်ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါမတ်ပဲတန်ချိန် ၄ သိန်းအား မူလက ၃၁.၃.၂၀၂၁ နေ့ နောက်ဆုံးထား၍ ဆိပ်ကမ်းသို့အရောက်တင်သွင်းရန် သတ်မှတ်ခဲ့သော်လည်း အိန္ဒိယ ကူးသန်း ရောင်းဝယ်ရေးဦးစီးဌာနမှ ၂၂.၅.၂၀၂၀ နေ့တွင် အမိန့်ကြော်ငြာစာအမှတ် S.O.1605(E) ကို ထုတ်ပြန်လျက် ၃၁.၈.၂၀၂၀ နေ့ နောက်ဆုံးထားတင်သွင်းရန် ပြင်ဆင် သတ်မှတ် ခဲ့ကြောင်း၊ သို့ဖြစ်ရာ ပဲတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ၁၅.၉.၂၀၂၀ နေ့အတွင်း မတ်ပဲတင်သွင်းမှု အပြီးသတ် အစီရင်ခံစာ ကို ပေးပို့ရမည်ဖြစ်ကြောင်း၊ ယခု ကုမ္ပဏီ ၁၆၇၁ ခုသို့ မတ်ပဲတင်သွင်းမှု ကိုတာခွဲဝေချထားရန် ကော်မတီ၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါက ၂၈.၅.၂၀၂၀ နေ့အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် မတ်ပဲတင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီများ အနေဖြင့် ပဲတင်သွင်းရန် ဆန္ဒမရှိတော့ပါက ၃၁.၇.၂၀၂၀ နေ့ နောက်ဆုံးထား၍ ကိုတာပြန်လည် အပ်နှံရမည်ဖြစ်ကြောင်း ဖော်ပြလျက် EFC ကော်မတီ၏ အစည်းအဝေးမှတ်တမ်းအား အိန္ဒိယပြည်ပကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန (DGFT) က ၂၆.၅.၂၀၂၀ နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၌ ပုံမှန်အားဖြင့် မတ်ပဲအား မိုးသီးနှံအဖြစ် ဇူလိုင်လနှင့်ဩဂုတ်လအတွင်းနှင့် ဆောင်းသီးနှံအဖြစ် အောက်တိုဘာလတို့တွင် စိုက်ပျိုးလေ့ရှိပါသည်။ နှစ်စဉ်မတ်ပဲစိုက်ပျိုးမှု ဧရိယာပမာဏဟက်တာ ၃၀.၆၄ သိန်းခန့်ရှိပြီး စိုက်ပျိုးမြေတိုးချဲ့ရန် အစိုးရကတွန်းအားပေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်၌ ဟက်တာပေါင်း ၅၄.၃၉ သိန်းအထိ တိုးမြှင့် စိုက်ပျိုးလျက် အထွက်တန်ချိန် ၃၄.၉၀ သိန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်တွင် မတ်ပဲအား မိုးသီးနှံ၌ ဟက်တာ ၃၈.၈၃ သိန်းနှင့် ဆောင်းသီးနှံတွင် ဟက်တာ ၇.၆၃ သိန်း၊ စုစုပေါင်း ဧရိယာဟက်တာ ၄၆.၄၆ သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး တန်ချိန် ၂၂.၅ သိန်းထွက်ရှိရန် ခန့်မှန်းထားကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ အစီရင်ခံဖော်ပြမှုအရ သိရှိရပါသည်။

သို့ဖြစ်ရာ အိန္ဒိယအစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကြောင့် စီးပွားရေး ထိခိုက်မှုများအား ကုစားရာတွင်

သွင်းကုန်အပေါ်အမှီပြုနေရမှုကို လျော့ချလျက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး မူဝါဒအား ပြောင်းလဲဖော်ဆောင်မှုနှင့်အညီ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မတ်ပဲတန်ချိန် ၄ သိန်း တင်သွင်းခွင့်ပြုသည့် ကာလအား လျော့ချသတ်မှတ်လျက် တင်သွင်းပြီးစီးမှု အခြေအနေပေါ်မူတည်၍ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်နိုင်ရေးကို ချိန်ဆဆောင်ရွက်လိုသည့်သဘောရှိကြောင်း သုံးသပ်ရပါသည်။

Source: Provisional allotment of quota for Urad for 2020–21, Minutes of the EFC meeting of Directorate General of Foreign Trade of India, dated 26th May 2020

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (29.5.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 29th May. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 10,500 | 11,000 | 10,500 | 2,304 | 25,173,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,750 | 412 | 1,561,600 | 38,929,150 | 147,931 |
| MCB | 00003 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 352 | 2,886,400 | 10,400,986 | 85,288 |
| FPB | 00004 | 23,500 | +500 | +2.17% | 23,000 | 23,500 | 23,000 | 11 | 255,500 | 2,472,053 | 58,093 |
| TMH | 00005 | 2,850 | +100 | +3.64% | 2,850 | 2,850 | 2,850 | 3,616 | 10,305,600 | 12,823,224 | 36,546 |
| EFR | 00006 | 2,750 | +50 | +1.85% | 2,700 | 2,750 | 2,700 | 5,040 | 13,616,300 | 19,977,223 | 54,937 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 457.70 | +3.06 | +0.67% | 447.09 | 457.70 | 447.09 | 11,735 | 53,798,400 | 6 | 681,035 |

**Index chart**




## Market Overview

As of 12:00 pm, 29th May. 2020

| MYANPIX | 454.89 ▲ 0.25 |
|---|---|
| Total Volume (shares) | 10,401 |
| Total Value (MMK) | 46 mil |
| Listed Company | 6 |
| Market Cap. (MMK) | 676,854 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 8,200 | ▲ 100 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 100 |